# မကျီးကိုးပင်ကျေးရွာ
## မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( ၂၀၁၉ – ၂၀၂၀ )

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပခုက္ကူမြို့နယ် ၊ ချောက်ကန်ကျေးရွာအုပ်စု ၊ မကျီးကိုးပင်ကျေးရွာ
( စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီ | | ၄ |
| ပခုက္ကူမြို့နယ်၊ မကျီးကိုးပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၆ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၇ |
| ၁။ | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၇ |
| ၂။ | **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | ၉ |
| ၃။ | ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၉ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၉ |
| | ( ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု | ၉ |
| | ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၀ |
| | (ဃ) ကျန်းမာရေးနှင့် အဟာရ | ၁၀ |
| | ( င) ပညာရေး နှင့် ကျွမ်းကျင်မှုများ | ၁၀ |
| | ( စ) ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု | ၁၁ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၂ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၄ |
| ၆။ | ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | ၁၅ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ | ၁၇ |
| | (က) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ | ၁၇ |
| | (ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း | ၁၇ |
| | (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၁၇ |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၁၈ |
| ၈။ | စီမံကိန်းအား စဉ်ဆက်မပျက် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း | ၁၈ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၁၈ |
| | (ခ) နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | ၁၉ |
| | (ဂ) နည်းပညာဆိုင်ရာ အကူအညီ | ၁၉ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၂၀ |
| | ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၂၁ |
| | ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၂၅ |
| | ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၂၆ |
| | ဇယား (၅) ခတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၂၆ |
| | ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ | ၂၇ |

| | | |
|---|---|---|
| ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၈ |
| ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၉ |
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၀ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၃၁ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၃၂ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၄ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၅ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၃၆ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၇ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၈ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၈ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၉ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၄၁ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၂ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၄၃ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၅ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၆ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၈ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၈ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၉ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၄၉ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၅၀ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၅၃ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၅၃ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၅၄ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၅၄ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၅၅ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၅၆ |
| ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၆ |

| | | | |
|---|---|---|---|
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၅၇ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၅၈ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၅၉ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၆၀ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၆၁ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၆၂ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၃ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၄ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၆၅ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၆၆ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၇ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၆၈ |
| | ဇယား (၄၈) | မူခင်းဖြစ်ပွားမှု အခြေအနေ | ၆၈ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၆၉ |

## စကားချီး

ပထမဦးစွာ ကျွန်ုပ်တို့ မကျီးကိုးပင်ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကျေးရွာ (VDP)ကျေးရွာ အဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာ စီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မကျီးကိုးပင်ကျေးရွာသူ/ သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ် ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိက အခက်အခဲဖြစ်နေသော ကျေးရွာအဝင်လမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို ပထမဦးစားပေး အနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ကျေးရွာအဝင်လမ်းမြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်း အတွက် နည်းပညာဆိုင်ရာ ပူးပေါင်း ပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဂန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ ကျေးရွာသူ/ သား များ သည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျေးရွာ လူထုသည်သာ အဓိက ပဓာန ကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေ ပြည်သူများ၏ ဘဝနှင့် ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်း ဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက် လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တတ်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင် အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)

တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

မေ လ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မကျီးကိုးပင်ကျေးရွာ
ပခုက္ကူမြို့နယ်

# မကျီးကိုးပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်း ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင် မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/ တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာ ဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှု များကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲ ချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိက နေရာတွင် ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ် ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာရောက်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်း အခက်အခဲများရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက် များကိုသာ ဦးစားပေး စီမံကိန်း များအဖြစ် ရွေးချယ်သွားပါမည်ကျေးရွာဒေသခံများ အသိပညာ စွမ်းဆောင်နိုင်မှုဗဟုသုတနှင့် လိုအပ်သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ ဆောင်ရွက်သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မကျီးကိုးပင်ကျေးရွာသည် ပခုက္ကူ-မြိုင်လမ်းမကြီး၏ အရှေ့ဘက်၊ ပခုက္ကူမြို့နှင့် (၅)မိုင်အကွာတွင် တည်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

မကျီးကိုးပင် ကျေးရွာတွင် ယာမြေ (၂၀၁၅)ကေရှိပြီးပဲစိမ်းငုံ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ ပြောင်းစသည့် သီးနှံများစိုက်ပျိုးကြပါသည်။ မြေဆီမြေသြဇာကောင်းမွန်မှု အသင့်အတင့် ရှိသော် လည်းသဲဆန်သည့် မြေ(၁၀၀၀)ကေတွင် စိုက်ပျိုးရန်ခက်ခဲပါသည်။ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်းကျွန်းမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များမရှိပါ။ မိုးရာသီတွင် ယာခင်းထဲမှ မြက်အား နွားစာကျွေးပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၀၁)စုရှိပြီး၊ ကျား(၄၅၈)ဦး ၊မ(၅၁၀)ဦးဖြင့် လူဦးရေပေါင်း (၉၆၈)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦး ထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၈%)ခန့်ရှိသဖြင့် လူသား အရင်း အမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

မကျီးကိုးပင်ကျေးရွာတွင် လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အထည်ချုပ်စက်ရုံ လုပ်သားလုပ်ကိုင်ကြပြီး ကျား/မ နေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ တိရစ္ဆာန်များ မွေးမြူထားသော်လည်း ကိုယ်တိုင်ကျောင်းသည်ကို တွေ့ရှိရပါသည်။လက်သမား၊ ပန်းရံ လုပ်ငန်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများ လုပ်ကိုင်ကြပါသည်။ ပခုက္ကူမြို့ရှိ စားသောက် ဆိုင်နှင့် ဈေးထဲသို့ ဈေးအငှားရောင်းသွားသည့် အမျိုးသမီး (၁၀)ဦး ရှိပါသည်။ကျေးရွာရှိ အမျိုးသမီး အများစုသည် စက်မှု(၁)အထည်ချုပ်စက်ရုံသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ကျပန်းလုပ်သား ရှားပါးသည်ကို တွေ့ရှိရပါသည်။ ချမ်းသာသော အိမ်ထောင်စု (၅)စုတွင် မြေဧက (၄၀)ပိုင်ဆိုင်ပါ သည်။ချမ်းသာသော အိမ်ထောင်စု (၅)စုတွင် မြေဧက (၂၀)ဧကမှ (၃၀)ဧကအထိ ပိုင်ဆိုင်ကြပါသည်။ ကားပိုင်ဆိုင်ပြီး ချမ်းသာသည့် အိမ်ထောင်စု (၂)စုရှိပြီး (၁)စုမှာ မြေဧကမရှိပါ။ဈေးဆိုင်ဖွင့်၍ ဈေးရောင်းပါသည်။ ချမ်းသာသည့် အိမ်ထောင်စုများတွင် နွားပိုင်ဆိုင်မှု အနည်းဆုံး(၂)ကောင်မှ အများဆုံး(၄)ကောင် ပိုင်ဆိုင်ကြပါသည်။ထွန်စက်ပိုင်ဆိုင်သူ (၅)ဦးရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုတွင် ဖုန်း(၄)လုံး၊ တီဗွီ ၊စလောင်း (၁)လုံးစီ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၃၇) စုတွင် မြေဧက အနည်းဆုံး(၅)ဧကမှ (၁၀)ဧကအထိ ပိုင်ဆိုင်ကြပါသည်။ နွား(၂) ကောင်စီ ပိုင်ဆိုင်ကြပါသည်။ရေကန် (၁)ကန်၊ ဖုန်း(၁)လုံး၊ တီဗွီ(၁)လုံး၊စလောင်း(၁)လုံးစီ

ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၉၃)စုရှိပြီး မြေကေပိုင်ဆိုင်မှု မရှိပါ။အလွန်ဆင်းရဲအိမ်ထောင်စု (၆၇)စုရှိပြီး မြေကေပိုင်ဆိုင်မှု မရှိပါ။ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများမှာ ကျေးရွာတွင်းနှင့် တစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင် စားသောက်ရ ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

မကျီးကိုးပင်ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၆၃ ) အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၃)လ အောက် ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စု (၄၃)အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၀) စု ရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၀)အိမ်ထောင်စုရှိပါသည်။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့် အထက် (၂)ဦး ရှိပါသည်။(၁)ဦးမှာ ကျေးရွာမှ ထောက်ပံ့ပြီး ကျန်(၁)ဦးမှာ မသန်စွမ်းသောကြောင့် မသန်စွမ်း အဖွဲ့အစည်းမှ တစ်လ (၁၅၀၀၀)ကျပ် ထောက်ပံ့ပေးပါသည်။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုး သမီး ဦးဆောင်သည့် အိမ်ထောင်စု(၃၀)စုရှိပြီး မိသားစုဦးရေ အနည်းဆုံး (၃)ဦး၊ အများဆုံး (၅)ဦး အထိ ရှိပါသည်။ကျေးရွာတွင်း၌သာ လုပ်ကိုင်စားသောက်နေသည်ကို တွေ့ရှိရပါ သည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စု မရှိပါ။အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများ၊လက်လုပ်လက်စား ကျပန်းအလုပ်သမား များမှာ ထိခိုက်မှု မြင့်မားပါသည်။ ရန်ကုန်၊ကော့သောင်း၊ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်မြို့များသို့ ဘွဲ့ရ လူငယ်များ သွားရောက်လုပ်ကိုင်ကြပါသည်။ကြုံရာကျပန်းလုပ်ကိုင်သူများအတွက် မိုးရာသီတွင် စားဝတ်နေရေး အခက်အခဲရှိပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

မကျီးကိုးပင်ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ် ကွေးရောဂါသည် ရာသီအကူးအပြောင်းတွင် အဖြစ်များပါသည်။ငှက်ဖျားရောဂါ မဖြစ်ပွားပါ။ဆီးချို ရောဂါဖြစ်ပွားသူ (၇)ဦး ၊တီဘီ ရောဂါ ဖြစ်ပွားသူ (၂)ဦးရှိပါသည်။ သွေးတိုး ရောဂါဖြစ်ပွားမှုနှုန်း များပြားသည်ကို တွေ့ရှိရပါသည်။ပိုလီယို ရောဂါဖြစ်ပွားသူ (၂)ဦးသာ ရှိသည်ကို တွေ့ရှိရပါသည်။ကိုယ်ဝန်ဆောင် မိခင်များ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကို ကိုင်းတိုက်နယ် ဆေးရုံရှိ ဆရာမများမှ လာရောက်ဟောပြော ပို့ချပေးပါသည်။ ကျေးရွာတွင် ကျေးလက် ဆေးပေးခန်း မရှိပါ။အရေးပေါ်လူနာများနှင့် ကိုယ်ဝန်ဆောင် မိခင်များမှာ ပခုက္ကူမြို့နယ် ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ရွာတွင်းနှင့် ရွာအနီးအနားတွင် ဆေးဆိုင် မရှိပါ။ အဆင်မပြေသော အိမ်ထောင်စုများအား (၆)လတစ်ကြိမ် (၂)ကျပ်တိုးဖြင့် ကျေးရွာမှ ချေးငွေ ထုတ်ချေးပေးပါသည်။ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအသင်းတွင် သက်ကြီး၊ လူငယ်၊ လူလတ် ပိုင်းများဖြင့် ဖွဲ့စည်းထားပြီး (၇၅)နှစ် အထက် သက်ကြီး ဘိုးဘွားများကို (၆)လ (၁)ကြိမ် ဆေးဝါး၊ ဆန်၊ ဆီများ ထောက်ပံ့ပေးပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု များမှာ အသေးစား ပုဂ္ဂလိက ငွေစုငွေချေး အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်း၊ ကျေးရွာမှ ငွေတိုးချေးပေးသူများ၊ ကျေးရွာမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ဖွဲ့စည်းထားသော ငွေစုငွေချေး အသင်း များမှ ချေးယူ

စားသောက်သည့်အတွက် အာဟာရပြည့်ဝမှုရှိကြပါသည်။ကိုင်းတိုက်နယ်ဆေးရုံမှ ကျောင်းနေကလေးများကို ဆန်ပြုတ်၊ သာကူဂျုံယို၊ မုန့်ဟင်းခါး၊ လွှက်ရည်၊ ပေါင်မုန့်၊ရေခဲမုန့် စသည့် အာဟာရများကျွေးမွေးပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့် များပြားသည်။ မကျီးကိုးပင်ကျေးရွာမှ ဆင်းရဲသော ကျောင်းသား/သူများကို ထောက်ပံ့ပေးပါသည်။ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ ကျောင်းတွင် ထားရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်း မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသားများအတွက် အလှူရှင်များမှ လှူဒါန်းပေးပါသည်။ကျောင်းကော်မတီမှ ငွေပဒေသာပင် စိုက်ထူထားပြီး ဆုရကျောင်းသားများကို ဆုငွေနှင့် ပစ္စည်းများ ချီးမြှင့်ပေးပါသည်။ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊လွယ်အိတ်၊ ရေဗူး စသည်များကို (၆)လ (၁)ကြိမ် ထောက်ပံ့ပေးပါသည်။ကျေးရွာမှာ မူလွန်ကျောင်းနှင့် (၁)ဖာလုံကွာဝေးပြီး ခြေလျင်သွားကြပါသည်။ ကျောင်းလမ်းမကြီးမှာ မိုးရာသီတွင် ရေစားချောက်များ ဖြစ်ပေါ်ခြင်း၊ဗွက်များထူပြောသဖြင့် ကျောင်းသား/သူများ ကျောင်းသို့သွားလာရာတွင် ခြေချော်လဲခြင်းများကြောင့် သွားရေးလာရေး ခက်ခဲပါသည်။မူလွန်ကျောင်းတွင် ကျောင်းသားဦးရေနှင့် ဆရာမ မလုံလောက်သဖြင့် ကျေးရွာမှ ဆရာမ(၂)ဦး ငှားရမ်းရပါသည်။ ၈တန်း၊ ၉ တန်း ၊၁၀တန်း ကျောင်းသား/သူများမှာ ကျေးရွာနှင့် (၁)မိုင်(၂)ဖာလုံ ကွာဝေးသော အရှေ့ချောက်ကန်၊ အ.ထ.က(ခွဲ)ကျောင်းသို့ သွားရောက် ပညာသင်ကြားရပါသည်။ချောက်ကန် အ.ထ.က(ခွဲ)ကျောင်းသို့ စက်ဘီး၊ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များစီး၍ သွားရောက် ပညာသင်ကြားရပါသည်။မူလွန်ကျောင်းမှာ ကျောင်းသားဦးရေ (၁၀၁)ဦးရှိပြီး ဆရာ (၆)ဦး သာရှိသည့်အတွက် ကျေးရွာမှ ရွာခန့် ဆရာ(၂)ဦးငှားရမ်းရပါသည်။ပခုက္ကူဘော်ဒါသို့ သွားရောက်ပညာသင်ကြားသည့် ကျောင်းသား/သူ (၁၈)ဦးရှိပါသည်။လက်သမား၊ ပန်းရံ လုပ်ကိုင်သူများ သံပန်းတပ်ဆင်ခြင်း၊မျက်နှာကျက် တပ်ဆင်ခြင်း၊ သံတံခါးတပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်သူများမှာ ကျွမ်းကျင်မှုရှိပြီး အလုပ်အကိုင် အဆင်ပြေပါသည်။ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လာရောက် ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

မကျီးကိုးပင်ကျေးရွာတွင် ကျား ၊ မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာ စီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်မှု ခေါင်းဆောင်မှု မရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်မှု အသင့်အတင့် ရှိပါသည်။ အမျိုးသမီးများ မိန်းကလေးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုဆိုင်ရာ အသိပညာရရှိရန် ပခုက္ကူမြို့နယ် ရဲစခန်းမှ အသိပညာပေးဟောပြောပွဲများ ကျေးရွာသို့ လာရောက်ပြုလုပ်သဖြင့် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်ရှိပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် လက်ရှိ၌ မူလတန်းတွင်

ပညာသင်ကြား နေသော ကျား(၃၈ )ဦး၊ မ(၃၂ )ဦး၊ အလယ်တန်းတွင် ပညာသင်ကြားနေသော ကျား(၂၇)ဦး၊ မ(၂၈)ဦး ၊အထက်တန်းတွင် ပညာသင် ကြားနေသော ကျား(၂၀)ဦး၊ မ(၂၃)ဦး ၊တက္ကသိုလ်ပညာ သင်ကြား နေသော ကျား(၇)ဦး၊ မ(၂)ဦး ရှိသောကြောင့် မူလတန်းနှင့် အလယ်တန်းအဆင့်မှ ယောကျ်ားလေး အရေအတွက်သည် မိန်းကလေး အရေအတွက်ထက် (၅)ဦးများပါသည်။ အထက်တန်း အဆင့်တွင် ပညာသင်ကြားနေသော မိန်းကလေး အရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် (၃)ဦးပိုများပါသည်။ တက္ကသိုလ် အဆင့်တွင် အမျိုးသား( ၇)ဦး၊ အမျိုးသမီး( ၂ )ဦး ပညာသင် ယူနေသည့်အတွက် အမျိုးသားများနှင့် အမျိုးသမီး များ၏ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ တန်းတူညီမျှဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ပညာရေး | * စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း | ၁၀၀ | ၁ | * မကျီးကိုးပင်ကျေးရွာအဝင်လမ်းမြေနီ ကျောက် စရစ်ခင်းရန် ဖွံ့ဖြိုးရေး ကော်မတီ က ကျေးလက်ဦးစီးဌာနမှ နည်းပညာ အကူ အညီယူ၍ ဆောင်ရွက်သွားမည်။ | |
| လမ်းတံတား | * ရွာအဝင်လမ်းမကြီး ကွန်ကရစ် လမ်းခင်းခြင်း | ၉၆ | ၂ | မကျီးကိုးပင်ကျေးရွာအဝင်လမ်းမကြီး ကွန်ကရစ်လမ်းခင်းရန် ဖွံ့ဖြိုးရေး ကော်မတီ က ကျေးလက်လမ်းဦးစီးဌာနမှ နည်းပညာ အကူ အညီယူ၍ ဆောင်ရွက်သွားမည်။ | |
| လမ်းတံတား | * ရွာလယ်လမ်းမကြီး ကွန်ကရစ် လမ်းခင်းခြင်း | ၉၅ | ၃ | * မကျီးကိုးပင်ကျေးရွာလယ် လမ်းမကြီး ကွန်ကရစ်လမ်းခင်းရန် ဖွံ့ဖြိုးရေး ကော်မတီ က ကျေးလက်လမ်းဦးစီးဌာနမှ နည်းပညာ အကူ အညီယူ၍ ဆောင်ရွက်သွားမည်။ | |
| ရေပေးရေး | * စာသင်ကျောင်းအတွင်း စက်တပ် အဝီစိတွင်း တူးရန်၊ အလှူခံခြင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၉၀ | ၄ | * စာသင်ကျောင်းအတွင်း စက်တပ် အဝီစိ တွင်း တူးရန်၊ အလှူခံခြင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |
| လူငယ်ဖွံ့ဖြိုးရေး | * စာကြည့်တိုက် တိုးချဲ့ဆောက်လုပ် ရန် စာကြည့်တိုက် ကော်မတီ ဖွဲ့စည်း၍ အလှူခံခြင်း | ၇၁ | ၅ | * စာကြည့်တိုက် တိုးချဲ့ဆောက်လုပ် ရန် စာကြည့်တိုက် ကော်မတီ ဖွဲ့စည်း၍ အလှူ ခံနိုင်ရေး ဆောင်ရွက်သွားမည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အသက်မွေးဝမ်း ကျောင်း ကဏ္ဍ** | * လျှပ်စစ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်း ခြင်း သင်တန်း ကျေးရွာအရောက် ဖွင့်လှစ် နိုင်ရေး ကျေးလက်ဒေသဖွံ့ ဖြိုးတိုး တက်ရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင် ရွက်ခြင်း | ၇၀ | ၆ | * လျှပ်စစ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်း ခြင်းသင်တန်း ကျေးရွာအရောက် ဖွင့်လှစ်နိုင်ရေး ကျေးလက် ဒေသ ဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ် ဆက်ဆောင်ရွက်သွားမည်။ | |
| **ကျန်းမာရေး** | * ကိုယ်ဝန်ဆောင်မိခင်များ ရှေးရိုးစွဲ အယူအဆများ အယူသည်းမှုများ ပ ပျောက်ရန် နှင့် အသိပညာ ဗဟုသုတ များ ပိုမိုတိုးပွားရေးအတွက် ကျန်းမာ ရေး အသိပညာပေး ဟော ပြောပွဲများ ပိုမိုပြုလုပ်ခြင်း | ၆၃ | ၇ | * ကိုယ်ဝန်ဆောင်မိခင်များ ရှေးရိုးစွဲ အယူအဆ များ အယူသည်းမှုများ ပပျောက်ရန် နှင့် အသိ ပညာ ဗဟု သုတ များ ပိုမိုတိုးပွား ရေးအတွက် ကျန်းမာရေး အသိပညာပေး ဟော ပြောပွဲများ ပိုမိုပြုလုပ်ခြင်းများဆောင် ရွက်နိုင်ရေး ကျန်းမာ ရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွား မည်။ | |
| **စိုက်ပျိုးရေး** | * စိုက်ပျိုးရေး နည်းပညာနှင့် အသိပညာ များ တိုးပွားရရှိစေရန် နှင့် စိုက်ပျိုး သီးနှံများ မျိုးကောင်း မျိုးသန့်ရရှိရေး စိုက်ပျိုးရေး ဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၆၂ | ၈ | * စိုက်ပျိုးရေး နည်းပညာနှင့် အသိ ပညာများ တိုးပွားရရှိစေရန် နှင့် စိုက်ပျိုးသီးနှံများ မျိုးကောင်း မျိုးသန့်ရရှိရေး စိုက်ပျိုးရေး ဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မွေးမြူရေး** | * တိရိစ္ဆာန်မွေးမြူရာတွင် မျိုးကောင်း မျိုးသန့်ရရှိရေး အစာကျွေးရာတွင် စနစ်တကျကျွေးနိုင်ရေးနှင့် ကာကွယ်ဆေးထိုးရန် တိရိစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | ၅၀ | ၉ | တိရိစ္ဆာန်မွေးမြူရာတွင် မျိုးကောင်း မျိုးသန့် ရရှိရေး အစာကျွေးရာတွင် စနစ်တကျ ကျွေးနိုင်ရေးနှင့် ကာကွယ် ဆေးထိုးရန် တိရိစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင် ရွက်သွားမည်။ | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း | ၁ | ✔ | | | | |
| ၂ | ရွာအဝင်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | ၂ | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | ရွာလယ်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | စာသင်ကျောင်းအတွင်း စက်တပ်အဝီစိတွင်း တူးရန်၊ အလှူခံခြင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း | ၄ | | | | | ✔ |
| ၅ | စာကြည့်တိုက် တိုးချဲ့ဆောက်လုပ်ရန် စာကြည့်တိုက် ကော်မတီ ဖွဲ့စည်း၍ အလှူခံခြင်း | ၅ | | | | | ✔ |
| ၆ | လျှပ်စစ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း ကျေးရွာအရောက် ဖွင့်လှစ် နိုင်ရေး ကျေးလက် ဒေသဖွံ့ ဖြိုးတိုး တက်ရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင် ရွက်ခြင်း | ၆ | ✔ | ✔ | ✔ | ✔ | ✔ |
| ၇ | ကိုယ်ဝန်ဆောင်မိခင်များ ရှေးရိုးစွဲအယူအဆများ အယူသည်းမှုများ ပ ပျောက်ရန် နှင့် အသိပညာ ဗဟုသုတများ ပိုမိုတိုးပွားရေးအတွက် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပိုမိုပြုလုပ်ခြင်း | ၇ | ✔ | ✔ | ✔ | ✔ | ✔ |

| စဉ် | စီမံချက် | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၈ | စိုက်ပျိုးရေး နည်းပညာနှင့် အသိပညာ များ တိုးပွားရရှိစေရန် နှင့် စိုက်ပျိုး သီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၈ | ✔ | ✔ | ✔ | ✔ | ✔ |
| ၉ | တိရိစ္ဆာန်မွေးမြူရာတွင်မျိုးကောင်းမျိုးသန့်ရရှိရေး အစာကျွေးရာတွင် စနစ်တကျကျွေးနိုင်ရေးနှင့် ကာကွယ် ဆေးထိုးရန်တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၉ | ✔ | ✔ | ✔ | ✔ | ✔ |

### ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |
| ၁ | စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း | ၁၀၀ | | ✔ | | |
| ၂ | ရွာအဝင်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | | | ✔ | | |
| ၃ | ရွာလယ်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း | | | ✔ | | |
| ၄ | စာသင်ကျောင်းအတွင်း စက်တပ်အဝီစိတွင်း တူးရန်၊ အလှူခံခြင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း | | | ✔ | | |
| ၅ | စာကြည့်တိုက် တိုးချဲ့ဆောက်လုပ် ရန် စာကြည့်တိုက် ကော်မတီ ဖွဲ့စည်း၍ အလှူခံခြင်း | | | ✔ | | |
| ၆ | လျှပ်စစ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း ကျေးရွာအရောက်ဖွင့်လှစ် နိုင်ရေး ကျေးလက် ဒေသဖွံ့ ဖြိုးတိုး တက်ရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင် ရွက်ခြင်း | | | ✔ | | |
| ၇ | ကိုယ်ဝန်ဆောင်မိခင်များ ရှေးရိုးစွဲအယူအဆများ အယူသည်းမှုများပ ပျောက်ရန် နှင့် အသိပညာ ဗဟုသုတများ ပိုမိုတိုးပွားရေးအတွက် ကျန်းမာရေး အသိပညာပေးဟော ပြောပွဲများ ပိုမိုပြုလုပ်ခြင်း | | | | ✔ | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |
| ၈ | စိုက်ပျိုးရေး နည်းပညာနှင့် အသိပညာ များ တိုးပွားရရှိစေရန် နှင့် စိုက်ပျိုး သီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | | | | ✔ | |
| ၉ | တိရိစ္ဆာန် မွေးမြူရာတွင် မျိုးကောင်း မျိုးသန့်ရရှိရေး အစာကျွေးရာတွင် စနစ်တကျ ကျွေးနိုင်ရေးနှင့် ကာကွယ် ဆေးထိုးရန် တိရိစ္ဆာန်မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | | | | ✔ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

မကျီးကိုးပင်ကျေးရွာ စာသင်ကျောင်း တည်ဆောက်ခြင်း လုပ်ငန်းအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။အစကနဦး၌ ကြီးကြပ ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း

အလိုက် တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report) ကို လူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ်ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက် နှင့် နှိုင်းယှဥ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင် ရာ ကျေးရွာအုပ်စုဥက္ကဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာ တွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ် များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက် နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါ သည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၇ | ၁၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၉ | ၄၀ | ၇၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၃၁ | ၅၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၁ | ၄၆ | ၉၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၄ | ၃၆၂ | ၆၇၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၄ | ၄၀ |
| **စုစုပေါင်း** | | **၄၅၈** | **၅၁၀** | **၉၆၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၀၁ | | |

**လေ့လာတွေ့ရှိချက်။** ။ မကျီးကိုးပင်ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၂၀၁)စုရှိပြီး၊ ကျား(၄၅၈)ဦး၊ မ (၅၁၀)ဦး ဖြင့် လူဦးရေပေါင်း (၉၆၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၄.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်နှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ် နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၉.၈)% ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | ***ထုတ်ကုန်လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ☐နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
